# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့အစီအစဉ်

# [ ၅-၂-၂၀၁၃ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့တွင် လျှပ်စစ်မီး ၂၄ နာရီ ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **အမရပူရ မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်း အသုံးပြုလျက်ရှိသော ကျေးရွာများ၌ နိုင်ငံတော်မှ သတ်မှတ်သော လျှပ်စစ်မီတာ တစ်လုံး၏ ကျသင့်ငွေဖြင့် ကျေးလက်နေ သာမန်ပြည်သူများ သုံးစွဲနိုင်ရန် အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ် (ကိုယ်စား) ဦးစိုင်းသိန်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်၏ **သီပေါမြို့ စည်ပင်သာယာရေး အဖွဲ့ပိုင် စမ်းမာလာ ဥယျာဉ်အတွင်း တရားဝင်ဖွင့်လှစ်ထားသော ကလေး ကစားကွင်း အတွင်း အဖမ်းခံရခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ အရည်အချင်း သတ်မှတ်ချက်များနှင့် ဒုရဲအုပ်လောင်း ဝင်ခွင့်စာမေးပွဲများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **သက်ကြီးစပါးဈေးကွက် မည်သို့ရှာဖွေ ဆောင်ရွက်ထားပါသနည်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ်၊ တွင်းကြီး (ပရိမ္မ) မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးခဲ့မှုအခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ"** ဖြန့်ဝေထားရှိမှု အား လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၉။ **" ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။